## စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍
## အများပြည်သူသိရှိရန် အသိပေးကြေညာချက်

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်မပြု တာရှည်ခံ ဓာတုပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်မှုနှင့် ခွင့်ပြု အစားအသောက်ထပ်ဖြည့် ပစ္စည်းများအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်တို့ကြောင့် အစားအသောက်များကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များ ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို နောက်ထပ်ကြေညာချက် ထုတ်ပြန်သည်အထိ စားသုံးခြင်း မပြုရန် အသိပေးအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစားအသောက်ထပ်ဖြည့်ဓာတုပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### ၂၀၁၉ ခုနှစ်အတွင်း အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိပြီး အမှတ်တံဆိပ်မပါသည့် အစားအသောက်နမူနာများစာရင်း

| စဉ် | တိုင်း/ ပြည်နယ် | တွေ့ရှိရာနေရာ | အစားအသောက် အမျိုးအစား | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၁။ | ရှမ်းပြည်နယ် | လွိုင်လင်မြို့ (စည်ပင်သာယာဈေး) | အရောင်တင်မုန့် | ခွင့်မပြုဆိုးဆေး Rhodamine B နှင့် Sudan IIIပါဝင်ပါသည်။ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ခင်ဦးမြို့မဈေး | ငရုတ်အနှမှုန့် | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်ပါသည်။ |

၂၀၁၉ ခုနှစ်အတွင်း အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိပြီး အမှတ်တံဆိပ်မပါသည့် အစားအသောက်နမူနာများစာရင်း

| စဉ် | တိုင်း/ ပြည်နယ် | တွေ့ရှိရာနေရာ | အစားအသောက် အမျိုးအစား | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ခင်ဦးမြို့မဈေး | ငရုတ်အနှမှုန့် | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်ပါသည်။ |
| ၄။ | မကွေးတိုင်းဒေသကြီး | အောင်လံမြို့မဈေး | စတော်ဘယ်ရီ အရသာအချိုရည် | Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲ ထားပါသည်။ |
| ၅။ | မကွေးတိုင်းဒေသကြီး | အောင်လံမြို့မဈေး | လိမ္မော်အရသာ အချိုရည် | Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲ ထားပါသည်။ |
| ၆။ | မကွေးတိုင်းဒေသကြီး | ကမ္မမြို့ | ဒုတ်ထိုးချိုချဉ် (အကြီး) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်ပါသည်။ |
| ၇။ | မကွေးတိုင်းဒေသကြီး | ကမ္မမြို့ | ဒုတ်ထိုးချိုချဉ် (အသေး) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်ပါသည်။ |
| ၈။ | မကွေးတိုင်းဒေသကြီး | မကွေး (အ.ထ.က. ဂန့်ဂေါ) | Coconut Flavour Fresh Fruit (Aple) | Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲ ထားပါသည်။ |

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန